# ၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိ ဘိလပ်မြေလုပ်ငန်းကို ပြည်သူပိုင် ပြုလုပ်ခြင်းအက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို ၁၉၅၄ ခုနှစ်၊ သရက်မြို့ရှိဘိလပ်မြေလုပ်ငန်းကိုပြည်သူပိုင်ပြုလုပ်ခြင်းအက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည် နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင်စတင်အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် ''ကုမ္ပဏီ''ဆိုသည်မှာ ဘားမားစီးမင့်ကုမ္ပဏီလီမိတက်ကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတမှာ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့်နေ့ရက်တွင် ကုမ္ပဏီဆောင်ရွက်နေသည့် ဘိလပ်မြေလုပ်ငန်းများကို ကုမ္ပဏီထံမှ နိုင်ငံပိုင်အဖြစ်ဖြင့်လွှဲယူရန် အာဏာရှိရမည်။ ယင်းသို့လွှဲယူသည့်အခါ အဆိုပါနေ့မှစ၍ ကုမ္ပဏီပိုင် လုပ်ငန်းအရစ်ရပ်နှင့် ကုမ္ပဏီ၏လက်ရှိပစ္စည်းအရပ်ရပ်သည်၎င်း၊ ကုမ္ပဏီ၏ရာထမ်းမှုထမ်းအားလုံးသည်၎င်း နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်လာရမည်။

၄။ ။ပုဒ်မ ၃ တွင် ရည်ညွှန်းထားသည့်ရာထမ်းမှုထမ်းများအား ကုမ္ပဏီက ပေးသည့်နှုန်းများအတိုင်း လစာနှင့်စရိတ်များပေးလျက်၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်သည့်နေ့မှစ၍ သုံးလအောက် မနည်းသည့်အချိန်ကာလမျှ နိုင်ငံတော်သမတက မိမိ၏လက်အောက်တွင် ဆက်လက်အမှုထမ်းစေရမည်။

၅။ ။(၁) နိုင်ငံတော်သမတသည် ပုဒ်မ ၃ အရ အမိန့်ကြော်ငြာစာဖြင့် မိမိသတ်မှတ်သည့် နေ့ နောက်တလအတွင်း ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်နှစ်ဦးပါဝင်သည့် ကော်မရှင်အဖွဲ့တခုကို ခန့်ရမည်။ ထိုကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများကို သတ်မှတ်ဆုံးဖြတ်ရမည်။

(က) ဤအက်ဥပဒေအရ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏ အကြောင်းအရာများ။

(ခ) ထိုပစ္စည်းများအတွက် ကုမ္ပဏီကိုပေးသင့်သည့် တရားမျှတသောလျော်ကြေးငွေ၊ နှင့်

(ဂ) လျော်ကြေးပေးမည့်နည်းလမ်းများ။

(၂) ပုဒ်မခွဲ (၁) အရလျော်ကြေးကို သတ်မှတ် ဆုံးဖြတ်ရာတွင် ၎င်းအက်ဥပဒေအရ ကုမ္ပဏီထံမှ လွှဲယူသည့်ပစ္စည်းများ၏ မူလတန်ဘိုး၊ ယင်းသို့လွှဲယူသည့်နေ့အထိထိုပစ္စည်းများ ဟောင်းနွမ်း၊ သို့မဟုတ် ပျက်စီးသည့်အတွက် လျော့သင့်သောကြေးငွေနှင့် ထိုပစ္စည်းများကိုပြုပြင်သည့်အတွက် ကုန်ကျသည့်စရိတ်၊ သို့တည်း မဟုတ်ပြန်လည်ထူထောင်သည့်အတွက် ကုန်ကျသည့်ကြေးငွေတို့ကို ကော်မရှင်အဖွဲ့က တရားမျှတသည်ထင်မြင်သည့်အတိုင်း ထည့်သွင်းစဉ်းစားရမည်။

၆။ ။ပုဒ်မ ၅ အရလျော်ကြေးငွေကို သတ်မှတ်ဆုံးဖြတ်ရာတွင် ကော်မရှင်အဖွဲ့သည် တရားမကျင့်ထုံးဥပဒေကို၊ သို့တည်းမဟုတ် အခြားတည်ဆဲ ဥပဒေတခုခုကို လိုက်နာရန်မလိုအပ်စေရ။ သို့သော်လည်း ထိုကော်မရှင်အဖွဲ့သည်တရားမျှတစွာဆောင်ရွက်ရမည်။

၇။ ။(၁) ကော်မရှင်အဖွဲ့သည် အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံးအား အပ်နှင်းထားသော အာဏာများရှိရမည်။

(က) အကြောင်းအရာများကိုဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့်ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ယူခြင်း၊သက်သေစရိတ်တင်သွင်းစေရန်ဆင့်ဆိုခြင်း။

(ဂ) စာချုပ်စာတမ်းများကို တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရွှေဆိုင်းခွင့်ပေးခြင်း။

(စ) ကျမ်းကျိန်လွှာဖြင့် ထွက်ဆိုသော သက်သေထွက်ချက်ကို လက်ခံခြင်း။

(ဆ) သက်သေများကို စစ်ဆေးရန် အာဏာလွှဲအမိန့်များထုတ်ခြင်း။

ထို့မှတပါးကော်မရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပါယ်အရ တရားမရုံးဖြစ်သည်ဟုမှတ်ယူရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ ထင်မြင်ယူဆချက် ကွဲလွဲသည့်အခါ၊ ထိုကော်မရှင်အဖွဲ့ဝင်များရာ၏ထင်မြင်ချက်သည် အတည်ဖြစ်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင်တယောက်သည်၊ ကော်မရှင်အဖွဲ့ဝင်အဖြစ်ဖြင့် ဆက်လက် မဆောင်ရွက်နိုင်လျှင်၊ နိုင်ငံတော်သမတသည် ထိုအဖွဲ့ဝင်အစားအခြားသူတယောက်ကိုခန့်ထားရမည်။ ထိုသူကို ကော်မရှင်အဖွဲ့စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်အဖြစ် ခန့်ထားဘိသကဲ့သို့ကော်မရှင်အဖွဲ့သည်မိမိ၏မှုခင်းကိစ္စများကိုဆက်လက်ဆောင်ရွက်ရမည်။

၈။ ။ကုမ္ပဏီက သော်၎င်း၊ အစိုးရကသော်၎င်း လျော်ကြေးနှင့် စပ်လျဉ်းသည့် ကော်မရှင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုချင်းရာနှင့်ဖြစ်စေ တရားလွှတ်တော်ချုပ်သို့အယူခံဝင်နိုင်သည်။

၉။ ။ဤအက်ဥပဒေအရ နိုင်ငံပိုင်ပြုလုပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ရန်အလို့ငှါ၊ နိုင်ငံတော်သမတ သည်၊ မိမိသင့်လျော်သည်ထင်မြင်လျှင်၊ အမိန့်တရပ်ဖြင့် စည်းမျဉ်းသတ်မှတ်လျက် အဖွဲ့တခု ဖွဲ့စည်းနိုင်သည်၊ သို့တည်းမဟုတ် အခြားစီစဉ်မှု ပြုလုပ်နိုင်သည်။

၁၀။ ။(၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတခုခုအတွက်၊ မည်သူ့ကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားမှုခင်းစွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်အပြုအမူအတွက်၊ အစိုးရအားမည်သည့်တရားမမှု၊ သို့တည်းမဟုတ် အခြားမှုခင်းမျှစွဲဆိုခြင်းမပြုရ။

ပ၊မ၊ဗ၊စ၊—အမှတ် ၁၂၇၊ တရားရေးဝန်ကြီးဌာန၊ ၄-၅-၅၄—၂,၀၀၀—၂။